※ ဤအကြောင်းကြားစာသည် ○○○○ခုနှစ်○○လ○○ရက်ဖြင့် ကျွန်ုပ်တို့ဘဏ်
အကောင့်ကို အသုံးပြုသော သုံးစွဲသူများထံသို့ပေးပို့ခြင်းဖြစ်ပါသည်။
ကျွန်ုပ်တို့ဘဏ်အကောင့်အား အသုံးပြုခြင်းမရှိတော့ပါက
ဤအကြောင်းကြားစာအတွက် ဖြေကြားရန် မလိုအပ်တော့ပါ။

○○○○ခုနှစ်○○လ○○ရက်

Japan Post Bank, Co., Ltd.

# ယခုလက်ရှိနေထိုင်ခွင့်ကဒ်ပြား တင်ပြရန်အဆိုပြုခြင်း

※ ဂျပန်ဘာသာစကားမဟုတ်သော အခြားဘာသာစကားများအတွက် လမ်းညွှန်ချက်ကို ဤဘဏ်ဝက်ဘ်ဆိုက် (အောက်ပါ URL)တွင် အတည်ပြုနိုင်ပါသည်။

မိတ်ဆွေ၏လုပ်ငန်းဆောင်တာများစဉ်ဆက်မပြတ်တိုးတက်နေသည့်အတွက်ဝမ်းသာပီတိဖြစ်မိပါသည်။

စာတိုက်ဘဏ်နှင့်စာတိုက်အားအသုံးပြုသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါသည်။

မကြာသေးမီနှစ်များတွင် နိုင်ငံတကာလူမှုဝန်းကျင်၌ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ရန်ပုံငွေပေးခြင်းများကို ကာကွယ်ပေးရန် အလွန်အရေးကြီးလာလျက် ရှိပါသည်။ ထို့အတွက် ဂျပန်နိုင်ငံမှဘဏ္ဍာရေးအဖွဲ့အစည်းအသီးသီးသည် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ချိတ်ဆက်ပြီး အမျိုးမျိုးသောစီမံချက်များဆောင်ရွက်ကာ ခိုင်မာအားကောင်းသော ဘဏ္ဍာရေးစနစ်အဖြစ်ထိန်းထားနိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။ ယင်းကြိုးပမ်းမှုများထဲမှတစ်ခုအနေဖြင့် ကျွန်ုပ်တို့ဘဏ် တွင်လည်း ရောင်းဝယ်ဖောက်ကားမှုပြုမည့် သုံးစွဲသူအသစ်များအပြင် ရောင်းဝယ်ဖောက်ကားမှုပြုနေပြီးသားဖြစ်သော သုံးစွဲသူများနှင့်ပတ်သက်၍လည်း နေထိုင်ခွင့်ကဒ်ပြား၏နေထိုင်ခွင့်ကာလ (ကုန်ဆုံးရက်)ကို အဆက်မပြတ် ပုံမှန်အတည်ပြုစစ်ဆေးသည့် ဆောင်ရွက်မှုများကို အစီအစဉ်အလိုက် လုပ်ဆောင်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆင်မပြေမှုအတွက် အနူးအညွတ်တောင်းပန်အပ်ပါသည်။ သုံးစွဲသူမှကိုင်ဆောင်ထားသော ဖော်ပြပါဘဏ်အကောင့်နှင့်စပ်လျဉ်းပြီး အောက်ပါနည်းလမ်းများဖြင့် ကျေးဇူးပြု၍ ဖြေကြားပေးပါရန် တောင်းဆိုအပ်ပါသည်။

| | |
|---|---|
| သတ်မှတ်ဘဏ်အကောင့်၏ကုတ်နံပါတ်<br>(ပုံမှန်ငွေစုခြင်း၊စုငွေအကောင့် သို့မဟုတ်<br>ငွေပေးချေမှုအတွက်ငွေစုဘဏ်စာရင်း) | ＊＊＊＊＊－＊＊＊＊○○○○<br>(နောက်ဆုံးဂဏန်း 4 လုံးကိုသာဖော်ပြသည်) |
| ဖြေဆိုရန်ကာလ | ○○○○**ခုနှစ်** ○○**လ** ○○**ရက်** |

ကျွန်ုပ်တို့ဘဏ်တွင် သုံးစွဲသူ၏ အရေးပါလှသောပိုင်ဆိုင်မှုအရင်းအမြစ်များအပ်နှံမှုကိုဆက်တိုက်လက်ခံပေးလျက်ရှိပြီး လုံခြုံစိတ်ချစွာဖြင့် ရောင်းဝယ်ဖောက်ကားမှုဆက်လက်လုပ်ဆောင်သွားစေလိုပါသည်။ ထို့သို့ဖြစ်စေရန်အလို့ငှာ အရေးပါလှသောကြိုးပမ်းမှုဖြစ်သည့်အတွက်ကြောင့် နားလည်မှုရှိရှိဖြင့် ပူးပေါင်းဆောင်ရွက်မှုပြုပေးပါရန် တောင်းဆိုအပ်ပါသည်။

**တဖန် များစွာအားနာသော်လည်း ဖြေဆိုရန်ကာလမတိုင်မီအတွင်း ဖြေဆိုမှုမပြုနိုင်ပါက** ဖြေဆိုမှုမပြုမချင်း **ဤဘဏ်ဥပဒေ※ ကိုအခြေခံ၍** ဘဏ်အကောင့်၏ ဝန်ဆောင်မှုအချို့ကို အသုံးပြုနိုင်မည်မဟုတ်ပါ။ **ကြိုတင်၍ သတိပြုပေးပါ။**

※ ပုံမှန်ငွေစုခြင်းနည်းဥပဒေအခန်း 13၊ နည်းဥပဒေ 2(3)၊ ငွေပေးချေမှုအတွက်ငွေစုဘဏ်စာရင်းနည်းဥပဒေအခန်း 28၊ နည်းဥပဒေ 2(3)

ဆုမွန်ကောင်းတောင်းလျှက်

ဖြေဆိုမှုနည်းလမ်း ----------------------------------------------------------------------------------------------------------------

စမတ်ဖုန်း သို့မဟုတ် ကွန်ပျူတာဖြင့် ကျွန်ုပ်တို့ဘဏ်ဝက်ဘ်ဆိုဒ် (အောက်တွင်) → “သုံးစွဲသူအချက်အလက်များဖြည့်စွက်ရန်တောင်းဆိုခြင်း” စာမျက်နှာ※ တွင်ဖော်ပြထားသောလင့်ခ်မှတဆင့် “စာတိုက်ဘဏ် သုံးစွဲသူအချက်အလက်ဖော်ပြချက်ဆိုဒ်”သို့ ဝင်ရောက်ပြီး ယခုလက်ရှိနေထိုင်ခွင့် ကဒ်ပြားပုံကို ဖြည့်သွင်းပါ။

Log in ဝင်ရန်သုံးသည့် ID နှင့် Password တို့သည် အောက်ပါအတိုင်းဖြစ်သည်။
(ညာဘက်တွင်ဖော်ပြထားသော QR ကုဒ်ကိုစမတ်ဖုန်းဖြင့်ဖတ်ယူပါက ID နှင့် Password တို့ဖြည့်သွင်းရမည့်အဆင့်ကို
ကျော်လွှားနိုင်ပြီး တိုက်ရိုက် Log in ဝင်နိုင်မည်ဖြစ်သည်။)

[ID] ************
[Password] ************
※(URL) https://www.jp-bank.japanpost.jp/honnin/hn_zct.html

(လုံခြုံမှုအတွက် အကြောင်းအရာအချို့ကို လျှို့ဝှက်စနစ်သို့ပြောင်းလဲထားပါသည်။)

※ စမတ်ဖုန်းမရှိသည့်အခါတွင် သို့မဟုတ် အခြားအခြေအနေများကြောင့် စမတ်ဖုန်းဖြင့်ဖြေဆိုရန်အခက်အခဲရှိသောအခါတွင် အောက်ပါစုံစမ်းရန်နေရာသို့ ဆက်သွယ်ပေးပါရန်တောင်းခံအပ်ပါသည်။

| | |
|---|---|
| စုံစမ်းရန် | စာတိုက်ဘဏ်ကုမ္ပဏီလီမိတက် ငွေသည်များသတင်းအချက်အလက်ထိန်းသိမ်းရေးဌာန<br>Tel 0120-340-004<br>< လက်ခံချိန် > ရုံးဖွင့်ရက် 9:00 ~ 19:00<br>စနေ၊တနင်္ဂနွေ၊ရုံးပိတ်ရက် 9:00 ~ 17:00<br>(12လ 31ရက် ~ 1လ 3ရက်တွင် အသုံးမပြုနိုင်ပါ။) |